
ဆန်းကြယ်သောဖူးစာ
ကိုကိုး

## စာရေးသူ၏ အမှာ

ဤဇာတ်လမ်းသည် ဆရာမ စွဲညို့၏ "စိမ့်စမ်းပြာရေအိုင်မှ အလွမ်းဒဏ္ဍာရီ" တလီယီမင်နှင့် ကျိုးရင်းတို့၏ နှောင်းခေတ်ကို ရေးသားထားခြင်းဖြစ်ပါသည်။ ဤဇာတ်လမ်းမှ အကြောင်းအရာများနှင့် နာမည်အားလုံးကို ဆရာမစွဲညို့ထံတွင် တရားဝင် ခွင့်တောင်းပြီးဖြစ်ပါသည်။ ထို့အတွက် ဆရာမစွဲညို့အား အထူးပင် ကျေးဇူးတင်ရှိပါသည်။ ဤဇာတ်လမ်းသည် မြေပြင်နတ်ပြည်မှ နတ်သားနှင့် ကောင်းကင်ပြည်၏ အိမ်ရှေ့စံမင်းသား၏ ချစ်ခြင်းအကြောင်းကို ရေးဖွဲ့ထားခြင်းဖြစ်ပြီး BL(Boy-Love) တစ်ပုဒ် ဖြစ်ပါသည်။ ဤဇာတ်လမ်းကို ဖတ်ရှုရင်း ခံစားချက် တစ်ခုခု ရရှိခဲ့တယ်ဆိုရင် ကျွန်တော် ကျေနပ်ပါပြီ။

လေးစားစွာဖြင့် ...

ကိုကိုး

Nov. 3.2021

***

## ဆန်းကြယ်သော ဖူးစာ

### အပိုင်း [၁]

လွန်ခဲ့သော နှစ်သန်းပေါင်းများစွာ အကြာ ကောင်းကင်ပြည်၏ ကောင်းကင်မင်းကြီးဖြစ်သူ တလီယီမင်သည် ကောင်းကင်ပြည်၏ ကိုးဆက်မြောက် ကောင်းကင်မင်းကြီး ဖြစ်ခဲ့သည်။ တလီယီမင်သည် သဘာဝ

လွန် နတ်မျိုးနွယ်မှ သူ့ထက် နှစ်ပေါင်းတစ်သိန်း သက်တမ်းသာလွန်သော ကျိုးရင်း နတ်ဘုရားမနှင့် လက်ဆက်ကာ ကောင်းကင်ပြည်အား အုပ်ချုပ်ခဲ့သည်။ သို့သော် အကြောင်းကြောင်းကြောင့် တလီယီမင်သည် ကောင်းကင်ပြည်အား နှစ်နှစ်သာ အုပ်ချုပ် စိုးစံခဲ့သည်။ ကောင်းကင်မင်းကြီး တလီယီမင်နှင့် ကောင်းကင်မိဖုရား ကျိုးရင်းနတ်ဘုရားမတို့ နှစ်ဦးတွင် တလီကျိုးဟူဟု အမည်ရှိသည့် သားတော်တစ်ပါး မွေးဖွားခဲ့သည်။

ယခု ကောင်းကင်ပြည်၏ နှစ်ဆယ့်ကိုးဆက်မြောက် ကောင်းကင်မင်းကြီး တလီချင်းရှောင်သည် တလီမျိုးနွယ်မှ ဖြစ်ပြီး ကောင်းကင်မိဖုရား ကျိုးသုဖန်သည် ကျိုးမျိုးနွယ်မှ ဆင်းသက်လာသူဖြစ်သည်။ ထိုအချက်က လွန်ခဲ့သော နှစ်သန်းပေါင်းများစွာ အကြာက ကောင်းကင်ပြည်ကြီးကို ပြန်လည် မြင်ယောင်မိစေသည်။ ယနေ့ ကောင်းကင်ပြည်၏ စိမ့်စမ်းပြာရေအိုင်တွင် ကောင်းကင်ပြည်မှ နတ်မင်းအပေါင်း စုရုံးနေကြသည်။ အကြောင်းမှာ ကောင်းကင်မိဖုရားကြီး ကျိုးသုဖန်သည် ကောင်းကင်မင်းကြီးအတွက် သားတော်တစ်ပါး မွေးဖွားပေးတော့မည် ဖြစ်သောကြောင့်ပင်။ သူမက မွေးဖွားမည့်နေရာကို သူမတို့ ကျိုးမျိုးနွယ်၏ စိမ့်စမ်းပြာရေအိုင်၌ မွေးဖွားရန်သာ ရွေးချယ်ခဲ့သည်။

ကောင်းကင်ပြည်၏ စိမ့်စမ်းပြာရေအိုင် နံဘေးတွင် နတ်သားတစ်ပါး မွေးဖွားလာသည်။ မွေးစအချိန်၌ပင် နတ်ဝိညာဉ်၊ နတ်ကိုယ်ထည်၊ နတ်စွမ်းအား၊ အမြုတေ၊ ကောင်းကင် အရှိန်အဝါ စသည့် နတ်တစ်ပါးတွင် ရှိသင့် ရှိအပ်သော ဖွဲ့စည်းမှု အားလုံးက ထိုနတ်သားငယ်လေးတွင် ပြည့်စုံစွာ ဖွဲ့တည်လာခဲ့သည်။ ထိုနတ်သားငယ်သည် ကောင်းကင်မင်းကြီး တလီချင်းရှောင်နှင့် ကောင်းကင်မိဖုရား ကျိုးသုဖန်တို့၏ တစ်ဦးတည်းသော သားတော်ပင် ဖြစ်သည်။ တလီမျိုးနွယ်နှင့် သဘာဝလွန် နတ်မျိုးနွယ်တို့၏

ပေါင်းစပ်ထားသည့် မျိုးနွယ်ဖြစ်သည့်အတွက်ကြောင့် သူ၏ နတ်ခန္ဓာကိုယ် ဖွဲ့စည်းမှုက အရာရာတွင် သာလွန်ပြည့်စုံခဲ့သည်။ ထိုနတ်သားငယ်၏ မွေးဖွားလာမှုက ကောင်းကင်ပြည်၏ ဂုဏ်ကျက်သရေလည်း ဖြစ်၏။ ကောင်းကင်မင်းကြီး တလီချင်းရှောင်သည် သူ၏သားတော်အား မွေးဖွားပြီးခါစ အချိန်၌ပင် အိမ်ရှေ့စံ ရာထူးကို ပေးအပ်လိုက်သည်။

"နှစ်ပေါင်း တစ်သောင်း"

ဤနှစ်ပေါင်း တစ်သောင်းအတွင်း အိမ်ရှေ့စံ မင်းသားငယ် တလီဖုန်းရှီသည် နတ်တစ်ပါး အဆင့်သို့ လျင်လျင်မြန်မြန်ကြီး ရောက်ရှိလာသည်။ တလီမျိုးနွယ် မိုးကြိုးနတ်မင်း၏ ခန္ဓာကိုယ်နှင့် သဘာဝလွန်နတ်မင်း၏ အမြုတေ နှစ်ခုပေါင်းစပ်ဖွဲ့စည်း မွေးဖွားလာသည့် အိမ်ရှေ့စံသည် အရာရာ၌ များစွာ သာလွန်ခဲ့သည်။ နတ်အဆင့်အတန်း၊ နတ်နှလုံးသား စသည့် အခြားခြားသော အရာများတွင်လည်း မျိုးဆက်အတူတူတွင် အသာလွန်ဆုံးပင် ဖြစ်လာခဲ့သည်။ သဘာဝလွန်စွမ်းအားနှင့် မိုးကြိုးစွမ်းအား နှစ်ခုပေါင်းစပ် ဖွဲ့စည်းထားသည့် သူ၏နတ်ခန္ဓာကိုယ်က ကျစ်လျစ်မာကျောကာ နတ်စွမ်းအားသည်လည်း သာလွန်၍နေသည်။

"အိမ်ရှေ့စံမင်းသား တလီဖုန်းရှီ"

ပင်လယ်လေးခု၏ အရှင်သခင် နတ်မင်း ယွင်ရှီက နူတ်ဆက်လိုက်သည်။ နတ်မင်း ယွင်ရှီသည် အိမ်ရှေ့စံ တလီဖုန်းရှီ၏ ပညာသင်ဖက် ညီအစ်ကိုပင် ဖြစ်ပြီး သူတို့နှစ်ဦးက မြင့်မြတ်သော နတ်မင်း ယဲ့မင်၏ လက်အောက်တွင် ပညာသင်ကြားနေကြသည်။ နတ်ဘုရား ယဲ့မင်သည် ကောင်းကင်ပြည်၏ ဖျက်ဆီး၍ မရနိုင်စွာသော နတ်မင်းတစ်ပါးပင် ဖြစ်သည်။

"ယွင်ရှီ ... ဆရာက အထဲမှာ ရှိနေလား"

"ဆရာက အထဲမှာ အိမ်ရှေ့စံကို စောင့်နေပါတယ် ဒီနေ့မှာ အနိုင်းမဲ့

ဖျက်ဆီးခြင်း ကျင့်စဉ်ကို ဆရာက လက်ဆင့်ကမ်းပေးချင်နေတယ်"

"ဒီစွမ်းအားက ငါနဲ့ မလိုက်ဖက်ဘူး ယွင်ရှီ ငါ့အစား ဒီကျင့်စဉ်ကို မင်းကလက်ခံလိုက်ပါ"

"အရှင်မင်းသား မဟုတ် ..."

ယွင်ရှီ၏ စကားပင် မဆုံးလိုက်။ အိမ်ရှေ့စံ တလီဖုန်းရှီက သူ၏ ရင်ဘတ်ကို လက်သီးနှင့် ထုလိုက်သည်။ နီဆွေးသော သွေးတို့က တလီဖုန်းရှီ၏ ပါးစပ်မှ စီးကျလာသည်။ နတ်ဝိညာဉ်ကို တိုက်ခိုက်လိုက်သော ရိုက်ချက်ဖြစ်သည့်အတွက် တလီဖုန်းရှီ၏ နတ်စွမ်းအားက အနည်းငယ် မှေးမှိန်၍ သွားသည်။

"ဝင်ကြမယ် ... ငါ့ရဲ့နတ်ဝိညာဉ်က ထိခိုက်သွားရင် ဆရာက ငါ့ကို အနှိုင်းမဲ့ဖျက်ဆီးခြင်း ကျင့်စဉ်ကို ကျင့်ကြံခိုင်းမှာ မဟုတ်တော့ဘူး"

"ဒါပေမဲ့ ..."

ယွင်ရှီက သူပြောလိုသည့် စကားကို ရပ်တန့်လိုက်သည်။ အဘယ့်ကြောင့်ဆိုသော် တလီဖုန်းရှီက ထိုနေရာမှ ထွက်ခွာသွားသောကြောင့်ပင်ဖြစ်သည်။ ခန်းဆောင်၏ အတွင်း၌ နတ်မင်းယဲ့မင်က လက်ဖက်ရည်ကို ဇိမ်တည်၍ သောက်နေသည်။ သူ၏ တပည့်နှစ်ဦးကို မြင်လိုက်သည့်အခါ သူက ခေါင်းညိတ်လိုက်သည်။

"ယွင်ရှီ ... ဖုန်းရှီ ရောက်လာကြပြီလား"

"ဆရာ့ကို နှုတ်ဆက်ပါတယ် ဖုန်းရှီက နည်းနည်းလေး နောက်ကျသွားတယ်"

နတ်မင်းယဲ့မင်သည် သူ၏တပည့်အား ပြုံး၍ ကြည့်လိုက်သည်။ ထို့နောက် တလီဖုန်းရှီအား ကြည့်ကာ ...

"ဖုန်းရှိ မင်းက အိမ်ရှေ့စံလည်းဖြစ်ပြီး ဒီကောင်းကင်ပြည်မှာ နတ်အရှိန်အဝါ အတောက်ပဆုံး နတ်သားလည်း ဖြစ်တယ်၊ ဒါကြောင့် ငါ့ရဲ့ အနှိုင်းမဲ့ဖျက်ဆီးခြင်း စွမ်းအားက မင်းနဲ့ပဲ သင့်တော်တယ် ..."

"ဆရာ ... ဖုန်းရှိက ခုနကပဲ စွမ်းအင်ကျင့်ကြံပြီး နတ်ဝိညာဉ်ကို ထိခိုက်စေမိသွားတယ် ဒါကြောင့် ..."

"ဖုန်းရှိ မင်းက ငါ့စကားကို နားမထောင်ဘူးလား"

"ဖုန်းရှိ မလုပ်ရဲပါဘူး"

"ဟမ့် ... အခုမင်းက လုပ်ပြီးနေပြီလေ"

ဆရာ၏ မာန်မဲမှုကြောင့် တလီဖုန်းရှိက ငြိမ်လိုက်သည်။ နတ်မင်းယွဲ့မင်သည် သူ၏ တပည့်ကိုကြည့်ရင်း ခေါင်းယမ်းလိုက်သည်။ ထို့နောက် ယွင်ရှိ၏ ဘက်သို့လှည့်ကာ ...

"ယွင်ရှိ ... မင်းက ပင်လယ်လေးခုရဲ့ အရှင်သခင်ဖြစ်ပြီး ကောင်းကင်ပြည်ရဲ့ မျိုးဆက်တူတွေထဲမှာ ဖုန်းရှိပြီးရင် စွမ်းအားအကြီးမားဆုံး နတ်မင်းလည်း ဖြစ်တယ်၊ ဒါကြောင့် မင်းက ဆရာ့ရဲ့ အနှိုင်းမဲ့ဖျက်ဆီးခြင်း စွမ်းအားကို အမွေဆက်ခံပါ"

"တပည့်ယွင်ရှိက ဆရာ့ကို ကျေးဇူးတင်ပါတယ် ..."

"ကောင်းတယ် လိမ္မာတဲ့ တပည့်လေး ဖုန်းရှိ မင်းကတော့ ကံတရားပဲ၊ အကျိုးအကြောင်း မဆင်ခြင်တတ်ပဲ စိတ်အလိုကို လိုက်မှုကြောင့် မင်းက စတင် ပျက်စီးနေပြီ ဒါကြောင့် မြေပြင်နတ်အဖြစ် နှစ်ပေါင်းတစ်ထောင် အပြစ်ခံယူပြီး ကိုယ့်ကိုကိုယ် ဆင်ခြင်ပါ ..."

"ဆရာ ... ဖုန်းရှိက"

တလီဖုန်းရှိက အတွန့်တက်ရန် တွေးလိုက်သော်လည်း ဆရာ၏

မျက်နှာထားကြောင့် စကားကို ရပ်တန့်လိုက်သည်။ ထို့နောက် နတ်စွမ်းအားကို နှိမ့်ချကာ ထိုနေရာမှ ပျောက်ကွယ်၍ သွားလေ၏။

အိမ်ရှေ့စံ တလီဖုန်းရှီ၏ အပြစ်ပေးခံရခြင်းက ကောင်းကင်ပြည်တွင် ဂယက်ရိုက်သွားသည်။ ကောင်းကင်ပြည်၏ နတ်မင်းတိုင်းက ထို အကြောင်းကိုသာ အကြောင်းအရာလုပ်၍ ပြောနေကြသည်။ ဆရာ၏ အပြစ်ပေးမှုကို ကောင်းကင်မင်းကြီး တလီချင်းရှောင်က လုံးဝ လျစ်လျူရှု၍သာ ထားခဲ့သည်။ အဘယ့်ကြောင့်ဆိုသော် သူက တပည့်တပည့်နှစ်ဦးကြား ဝင်မပါလိုသောကြောင့်ပင် ဖြစ်သည်။

မြေပြင်နတ်အဖြစ် အပြစ်ပေးခြင်း ခံရသည့် တလီဖုန်းရှီသည် မြေပြင်နတ်များအကြားတွင် မက်မွန်ဥယျာဉ်အား စောင့်ရှောက်ရသည့် မက်မွန်နတ်သားအဖြစ် တာဝန်ယူရသည်။ မက်မွန်ဥယျာဉ်၏ အရှေ့ဘက်တွင် မိုးရေစက် ရေကန်ရှိပြီး ထိုမိုးရေစက် ရေကန်တွင် နတ်သူငယ်အဆင့်ရှိသူ မိုးရေစက်နတ်သား ဝမ်ရန်ဟုန် နေထိုင်သည်။ ဤသုံးနှစ်တာကာလ အတွင်းတွင် တလီဖုန်းရှီသည် ဝမ်ရန်ဟုန်နှင့် မိတ်ဆွေဖြစ်သွားသည်။ အချိန်တိုင်းလိုလိုပင် ဝမ်ရန်ဟုန်၏ မိုးရေစက်ရေကန်သို့ သွားကာ မိုးရေစက် သံစဉ်ကို နားထောင်၍ အပန်းဖြေသည်။

နှစ်တစ်ရာ အတွင်း တလီဖုန်းရှီ၏ နေ့ရက်များက ထိုကဲ့သို့သာ ကုန်ဆုံးခဲ့သည်။ ဝမ်ရန်ဟုန်သည် တလီဖုန်းရှီအား မိတ်ဆွေတစ်ဦးကဲ့သို့ ဆက်ဆံသည်။ သူက တလီဖုန်းရှီအား ကောင်းကင်ပြည်၏ အိမ်ရှေ့စံတစ်ဦး အနေဖြင့် မဆက်ဆံသည့်အတွက် သူတို့၏ ဆက်ဆံရေးက အဆင်ပြေပြေ ရှိနေသည်။

တလီဖုန်းရှီသည် မိုးရေစက်ရေကန်၏ နံဘေးတွင် ကျောက်ဆောင်ကို လက်ထောက်ကာ မိုးရေစက်သံစဉ်အား နားဆင်နေသည်။ ဝမ်ရန်ဟုန်

သည် တလီဖုန်းရှီအတွက် မိုးရေစက် သံစဉ်အား တီးခတ်ပေးလျက်ရှိ၏။

"ရန်ဟုန် ... မင်းရဲ့ မိုးရေစက်သံစဉ်က တော်တော်လေး တိုးတက်လာပါလား၊ ငါရောက်စကထက် ပိုပြီး အဆင်ပြေလာတယ်"

"ဟားဟား ... မင်းက သံစဉ်ကိုရော နားလည်လို့လား"

"ရန်ဟုန် မင်းက ငါ့ကို အထင်သေးတာပဲ ကောင်းကင်ပြည်မှာဆိုရင် ဆရာက ငါ့ကို စိတ်ပျက်စရာ သံစဉ်တွေကို အမြဲသင်ပေးနေကျ၊ အိမ်ရှေ့စံတစ်ပါး အနေနဲ့ ငါကအရာအားလုံးကို သိနေဖို့ လိုတယ်တဲ့လေ"

"နတ်မင်းရီမင်က ဖြောင့်မတ်ပြီး စည်းကမ်းရှိတဲ့ နတ်မင်းပါ မင်းက သူ့စကားကို နားထောင်သင့်တယ်"

"အဲဒီ ဇီဇာကြောင်တဲ့ နတ်မင်းကလား ဘယ်နားဖြောင့်မတ်တာတုန်း ငါက နည်းနည်းလေးပဲ မှားတာကို ငါ့ကို နှစ်တစ်ထောင်တောင် အပြစ်ပေးတယ်"

တလီဖုန်းရှီက မချိပြုံးပြုံး၍ စကားဆိုလိုက်သည်။ ထိုစဉ် မိုးရေစက်ရေကန်နံဘေး လှုပ်ရှားမှု တစ်ခုဖြစ်သွားပြီး နတ်မင်းယွဲ့မင်က သားမြီးယပ်ကိုကိုင်ကာ ရောက်ရှိလာသည်။ ထို့နောက် ...

"ဖုန်းရှီ ... ဒီရက်တွေမှာ မင်းက အဆင်ပြေနေတယ် ထင်တယ်၊ ဆရာ့ကိုတောင် ဝေဖန်ရဲနေပြီပေါ့"

"အမ် ... ဆရာ ဖုန်းရှီက"

"တော်တော့ ... ငါ့ကို မဟုတ်တမ်းတရားတွေ မပြောနဲ့တော့ ကောင်းကင်မင်းကြီးက မင်းကို ခေါ်ခိုင်းလိုက်တယ် အခု ငါနဲ့ လိုက်ခဲ့"

"အာ ... ခမည်းတော်က ဘာလို့ ခေါ်တာလဲ ပြီးတော့ ... ဆရာက ဖုန်းရှီကို အပြစ်ပေးထားတာမလား"

တလီဖုန်းရှိက ဆရာ့မျက်နှာကို ကြည့်၍ ပြောလိုက်သည်။ ဆရာက ကိုယ်တိုင်လာခေါ်ခြင်းဖြစ်၍ သူက အပြစ်လွတ်သွားပြီဖြစ်ကြောင်း သိသည်။ သို့သော်လည်း သူက မသိချင်ယောင်ဆောင်ကာ ပြောနေခြင်းဖြစ်သည်။

"ဖုန်းရှိ ... နောက်ပြောင်နေတာတွေ ရပ်တော့ ကောင်းကင်ပြည်မှာ ကောင်းကင်မင်းကြီးက မင်းကိုစောင့်နေတယ် သူက မင်းကို လက်ထပ်ထိမ်းမြားပေးချင်နေတယ်"

"အာ ... ဖုန်းရှိ အိမ်ထောင်မပြုချင်သေးဘူးလေ ဆရာ ဖုန်းရှိကို ကယ်ပါ"

"ပြောစရာရှိတာကို ကောင်းကင်မင်းကြီး ရှေ့ရောက်မှ ဆက်ပြော ငါနဲ့ အခုလိုက်ခဲ့"

နတ်မင်း ယဲ့မင်က လက်တစ်ချက် ဝှေ့ယမ်းလိုက်ပြီး ထိုနေရာမှ ပျောက်သွားသည်။ တလီဖုန်းရှိသည်လည်း မူလနေရာမှ ပျောက်ကွယ်သွားသည်။ ဝမ်ရန်ဟုန်သည် ပျောက်ကွယ်သွားသည့် တလီဖုန်းရှိ၏ နေရာလေးအား ကြည့်ကာ သက်ပြင်းချလိုက်ပြီး ...

"ဟင်း ... ဒီလိုမျိုး အပျော်အပါးမက်ပြီး ဉာဏ်များတဲ့ သူက ကောင်းကင်ပြည်ရဲ့ အိမ်ရှေ့စံ ဖြစ်နေတာကလည်း ကောင်းကင်ပြည်ရဲ့ ကံတရားပဲ ထင်တယ်"

တလီဖုန်းရှိနှင့် သူ၏ ဆရာက ကောင်းကင်ညီလာခံ အတွင်း၌ ထွက်ပေါ်လာသည်။ တလီဖုန်းရှိအား မြင်သည့်အခါ ကောင်းကင်မိဖုရား ကျိုးသုဖန်က သူမ၏ သားတော်ထံ လျှောက်လာပြီး ...

"သားတော်လေး ရောက်လာပြီလား မယ်တော်က လွမ်းနေတာ မင်းရဲ့ ခမည်းတော်က တားထားလို့သာ သားတော်လေးဆီကို မလာရတာ ကြည့်

စမ်းပါဦး ပိန်သွားလိုက်တာ မြေပြင်နတ်လောကမှာ သားတော်လေးက အတော်လေး ဒုက္ခများခဲ့မှာပဲ"

"ဒါပေါ့ ... ဖုန်းရှီက မြေပြင်နတ်လောကမှာ တော်တော်လေး အခက်တွေ့ ခဲ့တယ်၊ ပြီးတော့ ကိုယ့်ကိုကိုယ်လည်း ဆင်ခြင်ခဲ့ရတယ် ဒီနှစ်ပေါင်း တစ်ရာအတွင်းမှာ သားတော်က အတော်လေး ပင်ပန်းခဲ့တာ ..."

"အဟွတ် ... အဟွတ်"

တလီဖုန်းရှီ၏ စကားကြောင့် နတ်မင်း ရီမင်က ရယ်ချင်စိတ်ကို အတင်းဖုံးလိုက်ရသည့် အတွက် ချောင်းဆိုးလိုက်ရသည်။ ထိုအခါမှ တလီဖုန်းရှီသည် သူ၏အနားတွင် ဆရာရှိနေသေးကြောင်းကို သတိရကာ စကားလမ်းကြောင်း လွှဲလိုက်ပြီး ...

"မယ်တော် ... ခမည်းတော်က သားတော်ကို လက်ထပ်ပေးတော့မလို့ဆို သားတော် အိမ်ထောင် မပြုချင်သေးဘူး"

"အဲဒါက မင်းရဲ့ ခမည်းတော် စီစဉ်တာ မယ်တော်လည်း ဘာမှမတတ်နိုင်ဘူး"

ကောင်းကင်မိဖုရား ကျိုးသုဖန်၏ စကားကြောင့် ဖုန်းရှီက မျက်နှာညှိုးသွားသည်။ ထိုစဉ် ကောင်းကင်ညီလာခံ အတွင်းသို့ ကောင်းကင် မင်းကြီး တလီချင်းရှောင်က ရောက်ရှိလာသည်။

"သားတော် ... သားတော်က အရွယ်ရောက်နေပြီလေ ဒါကြောင့် အိမ်ထောင်ပြုဖို့သင့်ပြီ ခမည်းတော်စီစဉ်ထားတဲ့ သူက သားတော်နဲ့ တကယ်ပဲ သင့်တော်မှာပါ သားတော်က လေ့လာ ကြည့်ပါဦး"

"မဖြစ်ဘူး သားတော် သူမကို မကြိုက်ဘူး သားတော်မှာ ချစ်ရမယ့်သူ ရှိနေပြီ"

သူ၏ စကားကြောင့် ကောင်းကင်မင်းကြီး အပါအဝင် ကောင်းကင် ညီလာခံ အတွင်းမှ နတ်မင်း အားလုံး မျက်လုံးပြူးသွားကြသည်။ ထို့နောက်တွင် ကောင်းကင်မင်းကြီး တလီချင်းရှောင်က သူ၏သားတော်အား ကြည့်ရင်း ...

"ဒါဆိုရင် သားတော်က ဘယ်သူ့ကို နှစ်သက်တာလဲ ကောင်းကင်ပြည်ကလား ဘယ်နတ်သမီးလဲ"

ကောင်းကင်မင်းကြီး၏ စကားကြောင့် တလီဖုန်းရှီက စကားနင့်၍သွားသည်။ အိမ်ထောင် မပြုချင်သောကြောင့်သာ သူက အလွယ်တကူ ပြောလိုက်သော်လည်း သူ့တွင် ပြစရာမရှိ။ ထို့နောက်တွင် ...

"သားတော် နှစ်သက်တဲ့သူက မြေပြင်နတ်တစ်ပါးပါ သူက မိုးရေစက်နတ်သား ဝမ်ရန်ဟုန်ပါ ..."

တလီဖုန်းရှီသည် အံကြိတ်၍ ပြောလိုက်သည်။ သူ၏စကားကြောင့် နတ်မင်းအားလုံးက ဒုတိယအကြိမ် မျက်လုံးပြူးသွားကြသည်။ "ရန်ဟုန် ငါ့ကိုခွင့်လွှတ်ပါ၊ ငါလုံးဝ စဉ်းစားလို့ မရတော့လို့ မင်းနာမည်ကို ယူသုံးလိုက်တယ်၊ နောက်မှ မင်းစိတ်ကျေနပ်တဲ့အထိ ငါလာတောင်းမယ်နော်"

***